# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး
# ၁၄ ရက်မြောက်နေ့ အစီအစဉ်
# [ ၉- ၁၂ - ၂၀၁၆ ]
# (သောကြာနေ့ )

၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၁၄ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ဝဲဒေါင့်ကျေးရွာအုပ်စု၊ မကြီးပင်စုကျေးရွာနှင့် တောင်ငူမြို့နယ်၊ ကင်းဆိပ်ကျေးရွာအုပ်စု ကင်းဆိပ်ကျေးရွာကို ဆက်သွယ်ထားသော နောင်ရိုး(ခပေါင်း) ချောင်းကူးသစ်သားတံတားအား သံကူကွန်ကရစ်တံတားအဖြစ်သို့ အဆင့်တိုးမြှင့် တည်ဆောက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးတက်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ကျောက်တောင်ကျေးရွာအုပ်စု၊ စက်နိုးကျေးရွာနှင့် နတ်တောင်ကျေးရွာကြားရှိ ချောင်းကူးတံတားကို သံကူကွန်ကရစ်တံတားအဖြစ် ဆောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးကျော်ဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၏ **မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ကို ဆက်သွယ်ထားသော မြိုင်-ဗဟင်း-ခင်အေးလမ်းအား ကျောက်ချောလမ်း သို့မဟုတ် ကတ္တရာလမ်းခင်းပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဝင်းမောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **မကွေးတိုင်းဒေသကြီးအတွင်း မင်းဘူး - စလင်း - တညောင် - ဆိပ်ဖြူ လမ်းပိုင်းရှိ မုန်းချောင်းတံတား (တံတားအမှတ် ၃၂/၂၅) နှင့် စလင်းချောင်း (နွယ်တမယ်) ဘေလီတံတား(တံတားအမှတ် ၄/၄၅) တို့ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် နှစ်လမ်းသွား သံကူကွန်ကရစ်တံတားအဖြစ် ပြုပြင်ဆောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၏ **ရခိုင်ပြည်နယ် မြေပုံမြို့နယ်ရှိ ကမ်းထောင့်ကြီးမြို့မှ ရှောက်ခြံကျေးရွာအထိ သို့မဟုတ် ကမ်းထောင့်ကြီးမြို့မှ ရန်ကုန်-စစ်တွေ ကားလမ်းမသို့သွားသည့်လမ်း ၇ မိုင် ၂ ဖာလုံကို ပြည်ထောင်စုအစိုးရမှ ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းခင်းပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ၁၅ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။